# ဓမ္မသင်တန်း အမှတ်စဉ် (၇)

ကျနော်-ဘုန်းသျှံ

၁၉.၀၂.၂၀၁၁၊ စနေနေ့ ... ဒီကနေ့ သင်တန်းမှာ အမျိုးသား (၄) ယောက်၊ အမျိုးသမီး (၇) ယောက် တက်ရောက် လေ့လာကြပါတယ်။ (၁၂.၀၂.၂၀၁၁) ယခင်အပတ်က ပို့ချခဲ့တဲ့ သမ္ပဇဉ် (၄)ပါးကို မှတ်ပြီး ဂေါစရ သမ္ပဇဉ်နဲ့ အသမ္မောဟ သမ္ပဇဉ်ကို ဆက်ရှင်းပြပါတယ်။

ဂေါစရ သမ္ပဇဉ် ဖြစ်ပုံမှာ.. သတိပဋ္ဌာန် သုတ်တော်၌ ဟောထားတဲ့အတိုင်း ဆရာတော်က အကျယ်ထပ်ပြီး ရှင်းပြ ပေးပါတယ်။ သမထ အားထုတ်သူမှာ သမထ ကမ္မဋ္ဌာန်းအရုံ၌ဝင်း၊ ဝိပဿနာ အားထုတ်သူမှာ ဥပါဒါနက္ခန္ဓာ ငါးပါးဟူသော ဝိပဿနာ၏ အာရုံ၌ဝင်း၊ မပြတ်နလုံးသွင်းမှု၊ ရှုမှတ်နေမှုတို့သည် ဂေါစရသမ္ပဇဉ် ဖြစ်ကြောင်းများကို ပြောပြပါတယ်။ ဝိပဿနာ အားထုတ်လျက် ရှိသောသူသည် အဘိက္ကန္တ၊ ပဋိက္ကန္တ ဒေသနာတော်အရ၊ ကြွတိုင်း, လှမ်းတိုင်း, ရွေ့ရှားတိုင်းမှာ သွားတယ် သွားတယ်စသည်ဖြင့် စေ့စေ့စပ်စပ် မပြတ်ရှုမှတ်လျက်သာ သွားအပ်ပုံ။ နောက်သို့ ပြန်ဆုတ်သောအခါ စသည်၌လဲ နည်းတူပင် လေးလေးနက်နက် ရှုမှတ်အပ်ပုံများကို ဥပမာပြ၍လဲ ပြောပါတယ်။

ကဲ-သေချာမှတ်ကြ " ဥပမာမှု လှည်းနဲ့လူ ယှဉ်ယှဉ်စပ်၍ကြည့်၊ လူကမောင်းတုန်း နွားကရုန်း သုန်းနုန်း လှည်းသွား၏။ စိတ်သွားချင်၍ လေဆောင်ရွေ့ ခေါ်လေ့ လူသွား၏"။ ဒီလင်္ကာ စကား အဓိပ္ပါယ်ကို နားလည် ကြည့်ရအောင်။ လှည်းလာတာကို မြင်တဲ့သူက ဘယ်လိုပြောမလဲ။ လှည်းလာနေတယ်၊ လှည်းတစ်စီး လာနေတယ်ပေါ့-နော်။ လှည်းက လာတတ်ပါ့မလား၊ မလာတတ်ဘူး။ နွားကရုန်းလို့ လှည်းရွေ့တာပါ။ နွားရုန်းနေတာ မပြောဘူး၊ လှည်းလာနေတယ်လို့ပဲ ပြောကြတယ်။ နွားက ဘာကြောင့်ရုန်းသလဲ၊ လူကမောင်းလို့ပေါ့။ ဒီတော့- မောင်းသူက-လူ၊ ရုန်းသူက-နွား၊ ရွေ့တာက-လှည်း။ အဲဒါ သုံးခု ပေါင်းပြီးတော့မှ ရွေ့သွားမှုဆိုတဲ့ သဘောဖြစ်တာ။ ဒီသုံးမျိုးလိုပါပဲ၊ "စိတ်သွားချင်၍ လေဆောင်ရွေ့ ခေါ်လေ့ လူသွား၏"။ စဉ်စားကြနော်။

လူတစ်ယောက် လာတာကိုမြင်ရရင် ဘယ်လိုပြောမလဲ။ လူလာနေတယ်၊ လူတစ်ယောက် လာနေတယ်ပေါ့-ဟုတ်လား။ လှည်း လာတာမြင်သလိုပဲ ပြောကြမယ်။ ဒီမှာလဲ သေချာကြည့်ကြ။ သွားချင်တာက (ဝိညာဉ်) စိတ်။ သွားမှုဖြစ်အောင် တွန်းဆောင်တာက (စိတ္တဇ-ဝါယောဓာတ်) လေ။ သွားမှု ဖြစ်နေတာက (ရုပ်တရား) လူ။ ရှင်းသွားကြပါပြီလား။ အဲဒီတော့ ဂေါစရသမ္ပဇဉ်နဲ့ ရှုမှတ်နေတဲ့သူမှာ သွားချင်တဲ့စိတ်ရယ်၊ သွားမှုဖြစ်အောင် တွန်းဆောင်နေတဲ့ ဝါယောဓာတ်ရယ်၊ သွားနေတဲ့ အမူအရာရယ်- ဒါကို ကွဲကွဲ ပြားပြား ပိုင်းခြားပြီးတော့ ကိုယ်တိုင်သိနေပါတယ်။ နောက်ပြီးတော့ သွားခြင်စိတ် အကြောင်းကြောင့် သွားမှုအကျိုး ဖြစ်ပုံများကိုလဲ သိလာပါတယ်။ သွားတိုင်း သွားတိုင်းမှာလဲ ဒီလိုသိသိပြီး သွားနေတာ ဖြစ်လေတော့ ငါသွားတယ်၊ ပုဂ္ဂိုလ် သတ္တဝါ သွားတယ်၊ ယောကျ်ား- မိမ္မ- သွားတယ်ဆိုတဲ့အစွဲ ပြုတ်နေတာပေါ့။ တကယ်တော့ သွားတိုင်း သွားတိုင်း နှစ်မျိုးပဲရှိတယ်၊ နှစ်မျိုးပဲသိရတယ်။ အဲဒါပါလဲ?.. သွားချင်တဲ့- စိတ် ခေါ်တဲ့- နာမ်တရား။ သွားနေတဲ့ အမူအရာ ရုပ်တရားများပါပဲ။

ဒီ. ဂေါစရ သမ္ပဇဉ်နဲ့ ဆက်စပ်လို့- ဂတ- ပစ္စာဂတိက- ကျင့်ဝတ်နှင့် ရှုပုံမှတ်ပုံတွေကို အတုယူ ရှုမှတ်နိုင်ကြဖို့ ပြောပြ ပါဦးမယ်။ ဘုရားရှင် လက်ထက်တော်ကာလနှင့် သာသနာတော်နှစ် (၉၀၀) ကျော်တိုင်အောင် ပဋိပတ်ထွန်းကားခဲ့သော ရှေးခေတ် ကာလတုန်းက ဤ ဂတ--ပစ္စာဂတိက- ကျင့်ဝတ်ကို ဖြည့်ကျင့်တော်မူခဲ့ ကြပါတယ်။ ဂတ-ပစ္စာဂတိက- ကျင့်ဝတ်ဆိုတာ (ဂတ-သွားမှု+ ပစ္စာဂတ- ပြန်မှုတို့၌+ဣက= မပြတ်ဖြစ်သောအကျင့်) သွားမှု ပြန်မှု၊ ရှေ့သို့သွားမှု နောက်သို့ပြန်မှု စသည်တို့၌ ကမ္မဋ္ဌာန်း မလွတ်အောင် အားထုတ်မှု- လို့ ခေါ်ပါတယ်။

မိမိ၏ အကျိုးစီးပွား အစစ်ကို လိုလားသော အမျိုးကောင်းသား/ သမီးတို့သည်၊ ဘုရားရှင် သာသနာတော်၌ ရဟန်းပြုကြပြီးလျှင်၊ ဆယ်ပါးဖြစ်စေ၊ နှစ်ဆယ်ဖြစ်စေ၊ သုံးဆယ်၊ လေးဆယ်၊ ငါးဆယ်၊ တစ်ရာဖြစ်စေ- တစ်ပေါင်းတည်း နေကြရာတွင်၊ ဤသို့ ကတိကဂတ် ပြုလေ့ ပြုထ ရှိကြပါတယ်။ " ငါ့ရှင်တို့-- သင်တို့သည် ကြွေးမပေးနိုင်၍ ရဟန်းပြုကြသည်လဲ မဟုတ်ကုန်။ မင်းဘေး စသည်ကိုကြောက်၍ ရဟန်းပြုကြသည်လဲ မဟုတ်ကုန်။ အသက်မွေးမှု ကြပ်တည်း၍ ရဟန်းပြုကြသည်လဲ မဟုတ်ကုန်။ အမှန်အားဖြင့်ဆိုလျှင် သံသရာဝဋ်ဆင်းရဲမှ ထွက်မြောက်လို၍ ရဟန်းပြုကြပေသည်။ သို့သော်လဲ ရဟန်းပြုရုံမျှ ဖြင့်တော့ ဝဋ်ဆင်းရဲမှ မလွတ်မြောက်နိုင် ကြသေးပါ။ ဝဋ်ဆင်းရဲ၏ အကြောင်းရင်းဖြစ်သော ကိလေသာကို ပယ်နိုင်မှသာလျှင် လွတ်မြောက်နိုင်ကြပေမည်။ သို့ဖြစ်၍ သွားနေဆဲမှာ ဖြစ်ပေါ်လာသော ကိလေသာကို၊ သွားဆဲ၌ပင်လျှင် ငြိမ်းပြတ်အောင် ရှုမှတ်နှိမ်နင်းကြရမည်။ ရပ်နေဆဲ၊ ထိုင်နေဆဲ၊ လျောင်းနေဆဲမှာပဲ ငြိမ်းပြတ်အောင် နှိမ်နင်းကြရမည်ဟု အကြီးဆုံးဖြစ်တဲ့ သံဃမထေရ်က ဆုံးမဩဝါဒ ပေးတော်မူပြီး ဂတ- ပစ္စာဂတိက-ကျင့်ဝတ်ကို တရားထူး ရကြသည့်တိုင်အောင် ကျင့်ကြပါသတဲ့။ အဋ္ဌကထာလာ ဝတ္ထုကြောင်းတစ်ခု ထုတ်ပြောပြရ-ရင်........

အာဠိန္ဒကကျောင်းမှာ သီတင်းသုံးနေတဲ့ မဟာဖုဿဒေဝ မထေရ်မြတ်ကြီးသည် (၁၉) နှစ်ပတ်လုံး ဂတ-ပစ္စာဂတိက-ကျင့်ဝတ်ကို ဖြည့်ကျင့်လျက် နေတော်မူခဲ့ပါတယ်။ ဆွမ်းခံလမ်းအနီးတွင် ထွန်ယက်စိုက်ပျိုးလျက်, စပါးရိပ်, စပါးနယ်လျက်, အမှုလုပ်ကိုင်နေကြသော လယ်လုပ်သားတို့က၊ မဟာဖုဿဒေဝ မထေရ်မြတ်ကြီးသည် ရှေ့ကြွသွားလိုက်၊ နောက်ပြန်ဆုတ်လိုက်နဲ့ အကြိမ်ကြိမ် အခါခါ ပြုလုပ်နေတာကို တွေ့ကြရလို့ "ဒီမထေရ်ကြီး ပြန်ပြန်ပြီး သွားနေတာဟာ မျက်စိလည်၍လေလား၊ တစ်ခုခုကို မေ့ကျန်ခဲ့၍လေလား" ဟု အချင်းချင်း ပြောဆိုကြ၍၊ ဘာများ မေ့ကျန်ရစ်လို့ ပါလဲဘုရားလို့ မေးလျှောက်ကြတယ်တဲ့။ အဲဒီတော့ မထေရ်ကြီးက သူတို့မေးကြ ပြောကြတာကို ဂရုမစိုက်ပါဘူး၊ သတိမလွတ်သော စိတ်ဖြင့်သာလျှင် မေ့နေခဲ့တဲ့ အမှတ်တရားကို၊ မေ့သွားတဲ့နေရာ အရောက်ပြန်သွားပြီး၊ အဲဒီနားမှ တရားမှတ်လျက် ပြန်ကြွတော်မူလို့ ရဟန်းတရားကို အားထုတ်တော်မူပါတယ်။ အမှတ်တရား မေ့သွားတိုင်း မေ့သွားတိုင်းမှာ ဒီလိုပဲ နောက်ပြန်ဆုတ်လိုက်၊ ရှေ့ကြွသွားလိုက်နဲ့၊ ဂေါစရသမ္ပဇဉ်မပျက် ရှုမှတ်နေတဲ့ မဟာဖုဿဒေဝ မထေရ်မြတ်ကြီးသည် အနှစ် (၂၀) မြောက် အတွင်းမှာ ရဟန္တာ ဖြစ်တော်မူပါတယ်။ နားထောင်ကောင်းရုံ ပြောနေတာ မဟုတ်ပါဘူး၊ ဒီမထေရ်မြတ်ကြီး၏ ဖွဲလုံ့လနဲ့ ဂေါစရသမ္ပဇဉ် ဖြစ်ပုံကို အတုယူ ကျင့်ကြဖို့ ပြောနေတယ်လို့ သိကြပါ။ လူတွေက ပစ္စည်းပျောက်တာကိုသာ မဲရှာနေကြတယ်။ တရားပျောက်ကို ရှာဖို့ စိတ်မကူးကြဘူး။ ကိုယ့်သန္တာန်မှာ ပျောက်ပျောက်နေတဲ့ ရုပ်နာမ် ပျောက်များကိုတော့ ရှာဖို့ မေ့နေကြဟန်တူပါရဲ့..တဲ့။ အရှာလွဲနေကြတယ်လို့လဲ ဆရာတော်က မိန့်ပါတယ်။

ဂတ-ပစ္စာဂတိက-ကျင့်ဝတ်ကို ဖြည့်ကျင့်လျက် နေသူသည် ရှေး-ဥပနိဿယနှင့် ပြည့်စုံပါက ပဌမအရွယ်မှာပင် ရဟန္တာဖြစ်နိုင်ကြောင်း။ သို့မဖြစ်သေးလျှင် ဒုတိယအရွယ်မှာ ဖြစ်နိုင်ကြောင်း။ သို့မဖြစ်သေးလျှင် တတိယအရွယ်မှာ ဖြစ်နိုင်ကြောင်း။ သို့မဖြစ်သေးလျှင် သေခါနီးမှာ ရဟန္တာ ဖြစ်နိုင်ပါသတဲ့။ သို့မဖြစ်သေးလျှင် ဒုတိယဘဝ၌ နတ်ဖြစ်လျက် ရဟန္တာ ဖြစ်နိုင်ကြောင်း။ သို့မဖြစ်သေးလျှင် ဘုရားမပွင့်သော အခါကာလ၌ ပစ္စေကဗုဒ္ဓါ ဖြစ်နိုင်ပါကြောင်း။ သို့မဖြစ်သေးလျှင်- နောင် ပွင့်တော်မူမည့် ဘုရားရှင် လက်ထက်မှာ ခိပ္ပာဘိညာ, မဟာပညာ, မဟိဒ္ဓိက, ဓုတင်္ဂဓရ, ဒိဗ္ဗစက္ခုက, ဝိနယဓရ, ဓမ္မကထိက, အာရညိက, ဗဟုသုတ, သိက္ခာကာမ, အစရှိသော ဧတဒဂ်ဂုဏ်ထူးတို့တွင် တစ်ပါးပါးသော ဧတဒဂ်ဂုဏ်ထူးတကွ ထင်ရှားသော အဂ္ဂသာဝက, မဟာသာဝက, ရဟန္တာ ဖြစ်နိုင်ပါတယ်လို့ ဆရာတော်က ဗဟုသုတဖြစ်ဘွယ် အဋ္ဌကထာ စကားများကိုလဲ ထည့်သွင်း ပြောကြား ပေးတော်မူပါတယ်။

ရှေ့သို့သွားတိုင်း၊ နောက်သို့ ပြန်ဆုတ်တိုင်း၊ ယိမ်းယိုင်လှုပ်ရှားတိုင်း၊ စေ့စေ့စပ်စပ် မပြတ်သိနေမှု ဂေါစရသမ္ပဇဉ် အားရှိလာသော အခါ၌၊ သုံးသပ်ဆင်ခြင်မှု သမ္မသနဉာဏ် ဖြစ်ပေါ်လာတယ်။ မျက်စိလည် ပြေသွားသကဲ့သို့ မတွေမဝေ ရှင်းလင်းစွာ သိသိသွားပါတယ်။ တရားရှုမှတ်သူတွေရဲ့ ကိုယ်တွေနဲ့

တထပ်ထည်း ကျပါရဲ့လားလို့ သိရအောင် သေချာနားထောင်ကြနော်၊ သိပုံကို အတိုချုပ် ပြောပြဦးမယ်။ သွားတယ် သွားတယ် စသည်ဖြင့် ရှုမှတ်နေရင်းပင်၊ သွားမည်ဟု ကြံသောစိတ် ဖြစ်ပေါ်ပြီး ချုပ်ပျောက်သွားသည်ကိုလဲ၊ မျက်မှောက်တွေ့လျက် သိနေတယ်။ ထိုစိတ်ကြောင့် တောင့်တင်းလှုတ်ရှားမှု အဆင့်ဆင့်ဖြစ်ပေါ်လာသည်ကိုလဲ၊ မျက်မှောက်တွေ့လျက် သိနေတယ်။ ထိုတောင့်တင်း လှုပ်ရှားမှုများကြောင့် တစ်ကိုယ်လုံးရှိ ရုပ်အပေါင်း တရွေ့ရွေ့ချင်း ရွေ့ရှားလျက် ဖြစ်ပျက်သွားသည်ကိုလဲ၊ မျက်မှောက်တွေ့လျက် သိနေတယ်။ ကြွခိုက် စသည်၌လဲ ကြွတယ် စသည်ဖြင့်၊ ရှုမှတ်နေရင်းပင်၊ ကြွလိုမှု၊ ကြွတက်မှု ဤသို့စသော ရုပ်တရား နာမ်တရားတို့သည် ဆွဲဆောင်နိုက် စသည်သို့ မရောက်ပဲ၊ ထိုထိုခဏမှာပင် အပိုင်းအပိုင်း ပြတ်လျက်၊ ကုန်ပျောက် ကုန်ပျောက်သွားသည်ကို မျက်မှောက် တွေ့လျက်သိနေတယ်။ အဲဒါကြောင့် တရားရှုမှတ် နေသူမှာ ထိုထိုသော ကာလ၌ မျက်စိလည် ပြေသွားသကဲ့သို့ ရှင်းလင်းစွာ အထူးသိမှုတွေ ဖြစ်ပေါ်လာပါတယ်။

သမ္မသနဉာဏ် ဖြစ်ပေါ်လာပုံကို ပြောနေတာနော်။ " သွားမှု စသည်ကို ပြုလုပ်တတ်သော သတ္တဝါကောင် ငါကောင်ကား မရှိ။ ခဏမစဲ ဖြစ်ပျက်နေသော ရုပ်နာမ် သဘောတရားများသာ ရှိပေသည်။ မမြဲသော တရားများသာ။ ဆင်းရဲသော တရားများသာ။ ဖြစ်အောင်ပြုသူမရှိသလို၊ ပျက်အောင်ပြုသူလဲမရှိ၊ သူ့သဘော အတိုင်းသာ ဖြစ်ပျက် နေတာတွေပါကလားလို့ စိတ်ထဲမှာ မတွေမဝေ ရှင်းလင်းစွာ ဆုံးဖြတ်လျက် သဘောကျကျ သွားတဲ့ အသိဉာဏ်သည် အသမ္မောဟ သမ္မဇဉ် ဖြစ်လာတာပါပဲ။ ဒီ- အသမ္မောဟ သမ္မဇဉ်သည် ဂေါစရ သမ္မဇဉ်နှင့် ကင်း၍ အသီးအခြား ဖြစ်လာတာ မဟုတ်ပါဘူး။ ဂေါစရ သမ္မဇဉ်အရ ရှုမှတ်နေရင်းပင် ဖြစ်ပေါ်လာတယ်လို့ နားလည်ကြပါ။

သမ္မဇဉ်က အကျယ်ကြီး၊ အကုန်ပြောလို့ ဆုံးမှာမဟုတ်ဘူး။ ဒီတော့ နား-ဆံ့နိုင်သလောက်သာ ပြောကြပါမယ်။ နောက်စနေကျမှ ဘုရားပြောတဲ့ ပုံပြင်ကို ပြောရဦးမယ်၊ ဒီနေ့တော့ နားကြစို့။

ဆရာတော်၏ ပို့ချချက်များက တစ်နာရီအချိန် ရှိတာဖြစ်လို့ မှတ်သားစရာ စုံလင်လှပါတယ်၊ မှတ်သားမိသလောက် တင်ပြရခြင်း ဖြစ်၍၊ မပြည့်မစုံ လွဲမှားမှုရှိပါက ခွင့်လွှတ်နားလည်မှု ပေးကြပါရန်။

သတ္တဝါမှန်သရွေ့ တရားတွေ ချမ်းမြေ့သာယာ ရှိကြပါစေ။

ကျနော် . ဘုန်းသျှ

၂၀-၀၂-၂၀၁၁။